# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်


မျောက်မ ထားသော ဤ လူမျိုးဆိုးတွင် အကြင်သူသည် ငါ့ကို ၎င်း၊ ငါ့စကား ကို၎င်း ရှက်၏။ လူသားသည် မိမိ အဘ ခမည်းတော်၏ ဘုန်းအာနုဘော်ကို ဆောင်လျက် ကြွလာသောအခါ ထိုသူကို ရှက်တော်မူလတ့်။ မာကု ၈း၃၈

အမှတ်စဉ် (၁၇၆) ဧပြီလ ၂၀၁၆ ခုနှစ် မဗ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ဘုရားသားနဲ့ ဘာသာရေးသမား

*ဘုရားသားနဲ့ ဘာသာရေးသမား* (မင်းအောင်သက်လွင်)

ကြည်လင်သာယာသော နေ့ရက်တစ်နေ့မှာ၊ ယေရှု တပည့်တော်များနဲ့
လမ်းလျှောက် လို့လာ။ ဗိမ္မာန်တော်ရှေ့ကို ရောက်ရှိလို့သွား အပေါက်ဝက ဖာရိရှဲများ
ပိတ်ဆို့လို့ထား။ ယေရှုက တပည့်တွေကို သွန်သင်စကား၊ ဖာရိရှဲဆိုတဲ့ ဘာသာရေး
သမား။ အကျင့်စရိုက်တွေဟာ အလကား အသွင်အပြင်ကလဲ ဖွတ်ကြား။
ဟန်ဆောင်ကာ ပဲများ။ အရေး မပါတဲ့ ခွက်စောင်းနပ်များ။
ဟောဒီမှာ သခင်ပြောတဲ့ ဘာသာရေးသမားနဲ့ ဘုရားသား
ကွဲပြားသိစေဖို့ စကားပြေပြန်ထားတာကို ဖတ်ကြည့်လိုက်ပါ မိတ်ဆွေများ။
ကျေးဇူးတရားနဲ့ အသက်ရှင်သူဟာ ဘုရားသား ဖြစ်ပြီး၊
ပညတ်တရားနဲ့ အသက်ရှင်သူဟာ ဘာသာရေးသမား ဖြစ်တယ်။
ဘုရားစကားကို သွန်သင်သူဟာ ဘုရားသား ဖြစ်ပြီး၊
ပညတ်တော်တွေကို သွန်သင်သူဟာ ဟာ ဘာသာရေးသမား ဖြစ်တယ်။
သူတပါးကို မစသူဟာ ဘုရားသား ဖြစ်ပြီး၊
သူတပါးကို စီရင်သူဟာ ဘာသာရေးသမား ဖြစ်တယ်။
ဘုရားကို မျှော်လင့်သူဟာ ဘုရားသား ဖြစ်ပြီး၊
ကောင်းကြီးကို မျှော်လင့်သူဟာ ဘာသာရေးသမား ဖြစ်တယ်။
ဘုရားနဲ့အတူ အသက်ရှင်သူဟာ ဘုရားသား ဖြစ်ပြီး၊
ဘုရားကြိုက်အောင် လိုက်လျှောက်သူဟာ ဘာသာရေးသမား ဖြစ်တယ်။
မိမိအားဖြင့် ဘုရားဘုန်း ထင်ရှားစေသူဟာ ဘုရားသား ဖြစ်ပြီး၊
ဘုရားကို ခုတုံးလုပ် မိမိကိုယ် ထင်ပေါ်စေသူဟာ ဘာသာရေးသမား ဖြစ်တယ်။
ကိုယ့်အပြစ်ကို ဝန်ခံသူဟာ ဘုရားသား ဖြစ်ပြီး၊
သူများအပြစ်ကို ဂေဖန်စီရင်သူဟာ ဘာသာရေးသမား ဖြစ်တယ်။
နှိမ့်ချဂပ်တွားသူဟာ ဘုရားသား ဖြစ်ပြီး၊
အောင်မြင်ချင်စိတ်နဲ့ ထောင်လွှားသူဟာ ဘာသာရေးသမား ဖြစ်တယ်။
ဘုရားဂတ်၌ မွေ့လျော်သူဟာ ဘုရားသား ဖြစ်ပြီး၊
ဘုရားကျောင်းမှာ ပျော်မွေ့သူဟာ ဘာသာရေးသမား ဖြစ်တယ်။
အသေခံပေးသူဟာ ဘုရားသား ဖြစ်ပြီး၊
ကိုယ်လွတ်ရုန်းပြေးသူဟာ ဘာသာရေးသမား ဖြစ်တယ်။
လူအောက်မှာ နင်းပြားလို ခါးကော့ခံသူဟာ ဘုရားသား ဖြစ်ပြီး၊
လူကြားမှာ မင်းသားလို ခေါင်းမော့နေသူဟာ ဘာသာရေးသမား ဖြစ်တယ်။
မြင့်ရာမှ နိမ့်ရာကို ဆင်းလာသူဟာ ဘုရားသား ဖြစ်ပြီး၊
နိမ့်ရာမှ မြင့်ရာကို ခုန်ကူးသူဟာ ဘာသာရေးသမား ဖြစ်တယ်။
အပယ်ခံ အသိုင်းအဝိုင်းကြားမှာ အစေခံသူဟာ ဘုရားသား ဖြစ်ပြီး၊
ရေပေါ်ဆီ အသိုင်းအဝိုင်းကြားမှာ အလှူခံသူဟာ ဘာသာရေးသမား ဖြစ်တယ်။
ကိုယ့်မျက်ချေးကိုယ်မြင် သူများမျက်ချေး ကင်းစင်စေသူဟာ ဘုရားသား ဖြစ်ပြီး၊
ကိုယ့်မျက်ချေး ကိုယ်မမြင် သူများမျက်ချေး မြင်သူဟာ ဘာသာရေးသမား ဖြစ်တယ်။
ကိုယ်တိုင်လဲ အစေခံ၊ ဝင်လိုသူကို လမ်းခင်းပေးသူဟာ ဘုရားသား ဖြစ်ပြီး၊
ကိုယ်တိုင်လဲ မဝင်၊ ဝင်လိုသူကို တားဆီးသူဟာ ဘာသာရေးသမား ဖြစ်တယ်။
လူကြားမှာ အစေခံလိုသူဟာ ဘုရားသား ဖြစ်ပြီး၊
လူကြားမှာ ပေါ်ပြူလာ ဖြစ်လိုသူဟာ ဘာသာရေးသမား ဖြစ်တယ်။ ။

အခြေပြုကျမ်း။ မဿဲ ၆း၁-၈။ မဿဲ ၇း၁-၅။ မဿဲ ၂၃း၁၃-၃၆။ လု ၁၁း၄၃-၅၂။ လု ၂၀း၂၀။ လု ၆း၃၇၊၄၁၊ မာကု ၇း၁-၂၃[ယေရှုက တပည့်တော်တို့အား - ကျမ်းပြုဆရာတို့ကို ရှောင်ကြလော့။ သူတို့သည် ရှည်သောအကျႌကို ဝတ်လျက် လည်ခြင်းငှာ အလိုရှိကြ၏။ ဈေး၌ ရှိသေစွာ နှုတ်ဆက်ခြင်းကိုငှ်း ပွဲသဘင် တရားစရပ်တို့၌ မြင့်မြတ်သော နေရာ ထိုင်ရာကိုငှ်း နှစ်သက်ကြ၏။ လု ၂၀း၄၆]









# သခင်နဲ့အတူ

သခင်နဲ့အတူ သိုးသူငယ် (ဒါးက)

ပင်ပန်းမယ် သိလျက်နဲ့ ကျွန်ုပ် သွားရဲပါတယ် သခင်။
ခက်ခဲမှန်း သိလျက်နဲ့ ကျွန်ုပ် တိုးဝင်ရဲပါတယ် သခင်။
မပြည့်စုံမှန်း သိလျက်နဲ့ ကျွန်ုပ် လိုက်ရဲပါတယ် သခင်။
ခါးသီးမှန်း သိလျက်နဲ့ ကျွန်ုပ် သောက်ရဲပါတယ် သခင်။
သခင်ပါနေလို့ ကျွန်ုပ် အရာရာတိုင်းကို ရင်ဆိုင်ရဲပါတယ် သခင်။
ကျွန်ုပ် အမောပြေရာ ထာဝရ သက်စမ်းရေက သခင့်ဆီမှာ-
ကျွန်ုပ် ခက်ခဲမှု ပုစ္ဆာတိုင်းရဲ့ အဖြေဟာလဲ သခင့်ဆီမှာဘဲ။
ကျွန်ုပ်ရဲ့ ပြည့်စုံခြင်းက သခင်နဲ့ အတူ ရှိနေခြင်း၊
သခင်မှတပါး အခြားသော သခင် အကျွန်ုပ်၌ မရှိပါ သခင်။





-----------------------------------------------



# Walking Bible

Walking Bible စောZနက်

သုံးမရတဲ့ လူလို့ လူအများက သတ်မှတ်လဲ
သခင့်အတွက်က ဂိညာဉ်တစ်လုံး ကမ္ဘာတစ်သိန်းနဲ့ မလဲနိုင်၊
လဲကျတဲ့သူ ထူ။ အချင်းချင်း ဖေးမလို့ ပညတ်တော်အတိုင်း ချစ်မယ်။
အလင်းရှင်ကို ရထားပြီး။ သင်နဲ့ ကျွန်ုပ် ဘဝ
မှောင်မိုက်နေရင်တော့ အသက်တာကို ဆင်ခြင်၊ ပြင်စရာရှိတာ ပြင်။
သခင့်ဘုန်း ထင်ရှားဖို့ အမှောင်ထဲမှာ လင်းစို့
သင်နဲ့ ကျွန်ုပ် ဘဝတွေဟာ လမ်းလျှောက်ရင်း စကားပြောသော သမ္မာကျမ်းစာပါ။

-----------------------------------------------

# လောင်းရိပ်

(လောင်းရိပ်) ဖွန်ပန်း

နှုတ်ကပတ်တော် ကျမကို ဖွင့်ပြတဲ့အရာ တခုကတော့ လောင်းရိပ် ဆိုတဲ့ အရာ။ တကယ့်ကို ဆင်ခြင် နှလုံးသွင်းဖို့ လိုအပ်တဲ့အရာ၊ ထိုအရာကို သန့်ရှင်း သော ဝိညာဉ်တော် ဘုရားက ကျမကို မီးမောင်း ထိုးပြ ခြင်းလို့ ကျမ နားလည်မိတယ်။ ကျမ တို့ရဲ့ အသက်တာ အစ၊ လူ့ဘဝကြီးထဲ စရောက် စဉ်မှာဘဲ နေ့စဉ် ကြီးထွားနိုင်ဖို့ အတွက်၊ လောက မိခင် ဖခင်ရဲ့ လောင်းရိပ် အောက်ကနေ ကျမတို့ နေထိုင် အသက် ရှင်ရတယ်။ မိဘတွေရဲ့ လောင်းရိပ် ကမှ တဆင့်၊ ဆရာသမားများရဲ့ ပညာရေး လောင်းရိပ်၊ ပြီးတော့ နှလုံးသားနဲ့ ဆိုင်တဲ့ အချစ်ရေး လောင်းရိပ်၊ အိမ်ထောင်ရေး လောင်းရိပ်၊ စီးပွါးရေး လောင်းရိပ်၊ လူမှုရေး လောင်းရိပ်၊ --- လောင်းရိပ် ပေါင်း များစွာထဲမှာဘဲ ကျမတို့ရဲ့ အသက်တာကို ဖြတ်ကျော်နေခဲ့ကြတယ်။ ကျင်လည် နေခဲ့ကြတယ်၊ ပူပြင်းနေတဲ့အချိန် အေးမြတဲ့အရိပ်ကို ကျမတို့ ရှာဖွေမိတယ်၊ ပင်ပန်း ခြင်း၊ ခက်ခဲခြင်း၊ ဆင်းရဲခြင်းတွေ ကြုံလာခဲ့ပြီ ဆိုရင်၊



ကျမတို့တွေ၊ သက်သာခြင်း အဆင်ပြေခြင်း ချမ်းသာခြင်းရဲ့ လောင်းရိပ်ကို ရှာဖွေပြီး ခိုလှုံမိ တယ်၊ ထိုအရာ တွေကို ဖန်ဆင်းထားတဲ့ ထိုအရာတွေ အားလုံးကို တတ်နိုင်တဲ့၊ ထိုအရာတွေ အားလုံးကို ပိုင်သ တော်မူသော ထာဝရဘုရားရဲ့ အရိပ်ကို ခိုလှုံဖို့ သင်ရှာဖွေမိရဲ့လား။

လောကနဲ့ ဆိုင်တဲ့ လောင်းရိပ် အားလုံးထဲမှာ မိဘရဲ့ လောင်းရိပ်ဟာ ကျမတို့ အတွက် အလုံခြုံဆုံး၊ အအေးမြဆုံးဆိုတာ ကျမတို့ အားလုံး သိပါတယ်၊ ထာဝရ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၆ ဧပြီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

အအေး မြဆုံး အလုံခြုံဆုံး လောင်းရိပ် ကတော့ ကျမတို့ကို ဖန်ဆင်းထားတဲ့ ထာဝရ အဖ ဘုရားသခင်ရဲ့ မေတ္တာ လောင်းရိပ်၊ ထိုစစ်မှန်တဲ့ ထာဝရဘုရားရဲ့၊ မေတ္တာ၊ လောင်းရိပ် အောက် ခိုလှုံမယ်ဆိုရင်၊ တခဏအတွက် မဟုတ်ဘဲ၊ ထာဝရ ခိုလှုံခွင့် ရရှိပြီး ထာဝရ အေးမြခြင်း အသက်တာကို ရရှိခံစားရမှာပါ မိတ်ဆွေ၊သင်ဟာ ထာဝရ ဘုရား ခန့်အပ်ထားတဲ့ လောက မိဘတွေရဲ့ လောင်းရိပ်နှင့်အတူ ထာဝရ အဖရဲ့ လောင်းရိပ်မှာ သင်ခိုလှုံနေရဲ့လား မိတ်ဆွေ၊ သင် ဘယ်လောင်းရိပ်မှာ ခိုလှုံ ရောက်ရှိနေလဲ၊ သင်ခိုလှုံနေတဲ့ လောင်းရိပ်ကို သင် ပြန်လည် စမ်းစစ်လိုက်ပါ၊ သင့်ဘဝအတွက် ညှိုးနွမ်းမှုတွေ၊ ကြီးထွားမှုတွေ ရပ်တန့်စေမဲ့၊ လောင်းရိပ်ဖြစ်နေတယ်ဆိုရင် ထို လောင်းရိပ် အောက်ကနေ အမြန်ဆုံး ရုန်းထွက်လိုက်ပါ၊ အဖဘုရား နှစ်သက်တဲ့ လောင်းရိပ် အောက်ကို တိုးဝင် ချဉ်းကပ် လိုက်ပါလား မိတ်ဆွေ၊သင့်ဘဝ ထာဝရ အေးချမ်းမှု၊ လုံခြုံစိတ်အချရဆုံး လောင်းရိပ်က၊ အဖဘုရားရဲ့ လောင်းရိပ်ဆိုတာ ဝိညာဉ် တော်၏ လမ်းပြမှုဖြင့် သင့်ကို မေတ္တာဖြင့် ဖိတ်ခေါ်ပါတယ် မိတ်ဆွေ၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ကမ္ဘာ အဆက်ဆက် ဘုန်းကြီးပါစေ(အာမင်) ချစ်ခြင်း မေတ္တာဖြင့် - *ဖွန်ပန်း* ။ ။

---------------------------

# ထာဝရကာလ

***ထာဝရကာလ*** Samuel Soe Lwin

ရှုပ်ထွေး ပွေလီတဲ့ လောက။
ဘာဆို ဘာမှ မတည်မြဲတော့
ငါ့ဘဝ အတွက် ၊ ငါ့ သားသမီးအတွက်၊
ငါ့ဆွေ ငါ့နွယ်တွေအတွက်
ငါ့နိုင်ငံ ငါ့ဝန်းကျင် အလုံးစုံအတွက်
တိကျ ရေရာ သုံးသူမှန် ဂုဏ်ယူ မဆုံး
မင်းအတွက် ငါ့အချစ်ဆုံး သူတွေအတွက်
ပေးဝေချင်တာ ဘုရားမြွက် သမ္မာကျမ်းစာ
မင့်လည်း ယူသုံးကြည့် ၊
နောင်တ ဟူသည် ဘယ်တော့မှ မရှိ
တိကျ သေချာ ဘုရား ပေးသည့် နှုတ်ထွက်ပါ။ ။



---------------------------

# လက်တို့ပြီးပြောလိုက်အုံးမယ်

***လက်တို့ပြီးပြောလိုက်အုံးမယ်***(ဟီတန်နီး)

ဦးစွာ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ချစ်သော မိတ်ဆွေကို လက်တို့ပြီး မေးလိုက်အုန်းမယ်။ ဘုရားသခင်ကို သင် ဘယ်လောက် ချစ်လည်း။ ရင်ထဲ နလုံးသား ထဲကနေ အမှန်တကယ် ချစ်ရဲ့လား။ ဘာတွေ ပြင်ဆင်ပြီးပြီလဲ။ အဲဒီ



တော့ လက်တို့ပြီး ပြောလိုက်အုန်းမယ်နော်။ ကျွန်တော်၊ ကျွန်မတို့တွေ နှုတ်ကပတ်တော် သမ္မာ ကျမ်းစာ ဖတ်ခြင်း၊ အစဉ်မပြတ် ဆုတောင်းခြင်းတို့ကို ကိုယ်တိုင် ပြင်ဆင် ထားကြနော်။ ၁တိ( ၆ း ၁၁) သို့ဖြစ်၍၊ အို ဘုရားသခင်၏လူ၊ သင်သည် ထို အပြစ် များကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကို မှီအောင်လိုက်ကြလော့။

ဘုရားသခင် မိတ်ဆွေတို့ကို အပြစ်များမှ ရှောင်ကြဉ်စေလိုပြီး။ ကျွ နုပ်တို့ ကြုံတွေ့ နေရသော စုံစမ်းခြင်းများကို ကျော်လွှားနိုင်ဘို့ လိုအပ်ပါတယ်။ ၁ပေ ၃ း၁၅။ စိတ် နလုံးထဲ၌ ထာဝရအရှင် ဘုရားသခင်ကို ရိုသေခြင်း ရှိကြလော့။ သင်တို့ မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူ ရှိသမျှတို့အား၊ နူးညံ့သော သဘော နှင့် ပြန်ပြောခြင်းငှါ၊ ကာလ အစဉ်မပြတ် အသင့်ရှိနေကြလော့။ ချစ်သော ညီ အကို မောင်နမ တို့ အသက်ရှင်တော်မူသော ထာ ဝရဘုရား မိန့်တော်မူသော အရာများကို ဆင်ခြင် အောက်မေ့လျှက် လျှောက်လှမ်းနိုင်ကြပါစေလို့ သခင်ယေရှု နာမဖြင့် ဆက်ကပ် ဆုတောင်း လိုက်ပါတယ်။

-----------------------------------------------------------------

# စာတန်မာရ်နတ်

အခန်း (၄) စာတန်မာရ်နတ် ဆယ်မြူရယ် စိုးလွင်



*၁။ စာတန်မာရ်နတ်။*

စာတန်မာရ်နတ်သည် ဘုရားရှင် ဖန်ဆင်းသော ကောင်းကင် တမန်တို့တွင် အမြင့်ဆုံးသော ကောင်းကင် တမန် ဖြစ်သည်။ ဘုရားရှင်နေရာအား လုယူ ဖက်ပြိုင် ပုန်ကန် ရာမှ အပြစ်တရား၌ ကျဆင်းခဲ့ခြင်းဖြစ်သည်။ သူ၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ အကြောင်း တရားများကို ဟေရှာယ အခန်းကြီး ၁၄ နှင့် ယေဇ ကျေလ ၂၈ တို့တွင် ဖေါ်ပြ ထားသည်။

*၂။ စာတန်၏ပန်းတိုင်။*

ဘုရားနှင့် ဖက်ပြိုင် ပလ္လင်တော် လုရန်ကြံစည်မှု မအောင်မြင်ခဲ့သော်လည်း သူ၏ ပန်းတိုင် ရည်မှန်းရာကိုကား လုံးဝ လက်မလျှော့သေးပါလေ။ ဘုရား အသွင် ၊ ဘုရား နေရာကို လိုချင်နေမြဲပင်ဖြစ်သည်။ ထို့ကြောင့်လည်း လူတိုင်း ၏ ကိုးကွယ်ခြင်းကို လိုလား နေဆဲပင်ဖြစ်သည်။ ဤဆုတ်ကပ် ကာလ၏ အဆုံး ၌ပင် လူထုအား သွေးဆောင်ကာ ကမက၅ပြု၍ ဘုရားရှင်အား အံတု ဖက်ပြိုင် ဦးမည် ဖြစ်သလို၊ ဘေးဒါဏ်ကြီး ကာလ အဆုံးတွင်၎င်း၊ နှစ် တထောင်ကာလ၏ အဆုံးတွင်၎င်း ၊ ဘုရား အရာ၌ ရုပ်တုများကို အားပေး အားမြှောက် ပြုမည်ဖြစ်သည်။ ဘုရားအရာအား အစားထိုး သော အရာမှန်သမျှ၏ နောက်ကွယ်တွင် ကြိုးကိုင်သူသည် သူသာဖြစ် သောကြောင့် ထို အရာတို့အား ကိုးကွယ်ခြင်းသည်၊ ၎င်းအား ကိုးကွယ်ခြင်းပင်မည်၏။ သမ္မာကျမ်းစာက ရုပ်တု ဆင်းတုကိုးကွယ်ခြင်းသည် နတ်ဆိုးအား ကိုးကွယ်ခြင်းဟု ဆိုထား လေသည် ( ဝတ်ပြုကျမ်း ၁၇း၇၊ တရားဟောရာ ၃၂း၁၇၊ ဆာလံ ၁၀၆း၃၇)။ ရှင်ပေါလုက " သာသနာပ လူတို့သည် ပူဇော်သော ယဇ်ကို ဘုရားသခင် အား ပူဇော် ကြသည် မဟုတ်၊ နတ်ဆိုးတို့အား ပူဇော်ကြ၏။ သင်တို့သည် နတ်ဆိုးတို့နှင့် ဆက်ဆံ စေခြင်းငှါ ငါအလိုမရှိ" ( ၁ ကော ၁၀း၂၀) ဟူ၍ ဆိုထားပါသည်။ ခရစ်တော်အား စာတန် မာရ်နတ်သည် သွေးဆောင်ခြင်းကို ပြုသောအခါ သူ့အားဦးချ ကိုးကွယ်ရုံ ပြုကာမျှဖြင့် ရှိသမျှ တိုင်းနိုင်ငံတို့အား ပေးမည်ဟု ဆိုခဲ့သည်။ ဘေးဒါဏ်ကြီးကာလ အဆုံးတွင်ကား ဤသို့သော ရုပ်တု ဆင်းတုတို့အား ကြီးစွာပြု၍ နိမိတ်လက္ခဏာ များဖြင့် အန္တိခရစ်နှင့် သူ၏ ဆန္ဒကို အကောင်းအထည် ဖေါ်ဆောင်ပေဦးမည်။ ထို အရာကို ကြည့်ခြင်း အားဖြင့် ဘုရားဖြစ်လိုသော စာတန်မာရ်၏ အကျင့်သည်၊ ၎င်း ပန်းတိုင်အား မပြောင်း မလဲဘုရားအရာကို ရရှိရန် ကိုးကွယ်ခြင်းကိုခံရရန် ကြိုးစား အားထုတ်နေမြဲပင် ဖြစ်ကြောင်း တွေ့နိုင်လေသည်။

*၃။ စာတန်မာရ်နတ်၏ အမည်နာမများ။*

က။ လူစီဖာ (နံက်သား မိုးသောက်ကြယ်)။ သူ၏ လှပတင့်တယ်ခြင်း၊ ထွန်းလင်းခြင်း စသော အရည်အချင်းတွေအားဖြင့် ဤကဲ့သို့သော အမည်ကို ရခြင်းပင် ဖြစ်သည် ( ဟေရှာယ ၁၄း၁၂)။

ခ။ ဗေလဇေဗုလ ( နတ်ဆိုးတို့၏ အရှင်)။ ဘုရားရှင်အား အံတု ဖက်ပြိုင် ရာတွင် နောက်၌ ထပ်ချပ်မကွာ လိုက်ပါလာသော မိစ္ဆာ အပေါင်းအပါများကြောင့် သူသည် နတ်ဆိုးတို့၏အရှင်၊ သခင်အဖြစ်သို့အလိုလို ရောက်ရှိခဲ့သည် ( မဿဲ ၁၂း၂၄)။

ဂ။ လောက၏ ဘုရား။ ရှင်ပေါလုက စာတန်မာရ်နတ်အား "ဤ လောက ၏ ဘုရား"ဟူ၍ ခေါ်ခဲ့သည် ( ၂ ကော ၄း၄)။ ယနေ့ များမြောင်လှစွာသော လူသား တို့သည် သူ၏ဩဇာအာဏာ အောက်တွင် နေထိုင်ကြသည် သာမက၊ အာဏာစက် ၊ အခွင့် တန်ခိုးနှင့် ဖွဲ့စည်းပုံ တခုခြင်းစီတို့သည် အများ အားဖြင့် သူ၏ လက်အောက် ၌သာ ဖြစ်တည်နေသည်။ သမ္မာကျမ်းစာမှ ဆိုသည့်အတိုင်း သူသည် ဤလောက၏ ဘုရား ဖြစ်လေသည်။

ဃ။ ကောင်းကင်တန်ခိုးကို အစိုးရသောမင်း။ ဖေက် ၂း၂ တွင် ထိုအမည် အားဖြင့် တွေ့ရသည်။ ကျမ်းတတ်ပုဂ္ဂိုလ်တို့၏ သုံးသပ်ချက်အတိုင်း၊



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၆ ဧပြီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂျနုဝါ ထုတ်ဝေသည်။

ဤ လောက၏ ရုပ အရာ၊ အရူပအရာဟု ဆိုအပ်သော နယ်ပယ်တွင် သူ၏ နောက်လိုက်နောက်ပါ နတ်ဆိုး တို့နှင့် လူသားတို့အား ကြိုးကိုင်၍ ဘုရားရှင် အား ဆန့်ကျင်ခြင်း အမှုတို့တွင် သူသည် အစိုးတရ ပြုသော မင်း အနေဖြင့် ကျွန်ုပ်တို့ ပါတ်ဝန်းကျင်တွင် ရှိနေပါသည်။



င။ နဂါး (ရှေးမြွေဟောင်း၊ နတ်ဆိုး)။ဗျာဒိတ် ၁၂း၉ တွင် အထက်ပါ အတိုင်း တွေ့မြင်ရခြင်းက ကျွန်ုပ်တို့အား သူ၏ ရက်စက်ခြင်းနှင့် အာဒံ နှင့် ဧဝ တို့အား လှည့်စား ခဲ့ပုံတို့ကို ပြန်လည်၍ အမှတ်ရစေပါသည်။

စ။ အပေါလျုန် ( အဗဒ္ဒုန်၊ ဖျက်ဆီးသူ)။ စာတန်မာရ်နတ်၏ ကနဦး ပန်းတိုင် သည် ဘုရားရှင်၏ လက်ရာတော်များအား ဖျက်ဆီးရန်ပင်ဖြစ်သည်။ ဘုရားရှင် ဖန်ဆင်းသော လူသားတို့အား ပျက်စီးခြင်းသို့ ရောက်စေခဲ့သည်။ ၁ ကော ၁၀း၁၀ နှင့် ဗျာဒိတ် ၉း၁၁ တို့တွင် ဖျက်ဆီးသူဟူ၍ ညွှန်းဆို ထားလေသည်။ လူသားတို့အား စစ်မက်၊ ရန်စွယ်မုစ၍ အဆုံး၊ အပါယ်ငရဲတွင် သူနှင့် အတူ ကျရောက်စေရန်မှာ သူ၏ လို့လကြီးကုတ် အားထုတ်လေရာတို့၌ အဓိက ပန်းတိုင်ပင်ဖြစ်သည်။

ဆ။ စာတန်မာရ်နတ်၏ နည်းပရိယာယ်များ။ သူ၏ ပန်းတိုင် ရောက်ရှိရန် ၊ ပြည့်စုံရန် အရေး သူ၌ နည်းလမ်းပေါင်းများစွာ ရှိလေသည်။ သမ္မာ ကျမ်းစာမှ ဖေါ်ပြ သော နည်းပရိယာယ် အချို့ကို အောက်ပါအတိုင်း ဖေါ်ပြ သွားပါမည်။

( ၁ ) အမြင်ကွယ်စေခြင်း။ ၂ ကော ၄း၄ တွင် လောကီ လူသားတို့သည် ဧဝံဂေလိ တရား၏ အလင်းကို မမြင်တွေ့စေမည့်အကြောင်း လောကီ သားတို့၏ ဉာဏ် မျက်စိကို ကွယ်စေသည် ဟုဆိုသည်။ ၎င်းက သမ္မာ အလင်းကို မမြင်တွေ့စေရန် နာမ်သက် ဝိညာဉ်ရေးတွင် အမှောင် ချထား လိုက်ခြင်းဖြစ်၍၊ ကျွန်ုပ်တို့သည် သာသနာပ လူတို့အား ကယ်တင်ခြင်း သို့ ရောက်ရှိရန် ဝိညာဉ်တော်ဘုရား၏ ကူမခြင်းမပါပဲ ဝေ့ပေါပြောနေရုံဖြင့် မရ ခြင်းဖြစ်သည်။

( ၂ ) နှုတ်ကပါတ်တော် သမ္မာတရားအား နှုတ်ပါယ်ခြင်း။ မျိုးစေ့ ကြဲခြင်း ဥပမာတွင် ခရစ်တော်ဘုရား မိန့်တော်မူခဲ့သည့် မျိုးစေ့ တည်းဟူသော နှုတ်ကပါတ် တော် သည် မြေသို့ကျသော် ငှက်ဆိုးတည်းဟူသော စာတန် မာရ်နတ်က ပယ်ဖျက် စိမ့်သော်ငှါ လာရောက် နှုတ်ယူကြောင်း ဆိုခဲ့လေသည် ( မဿဲ ၁၃း၁၉ )။ လူတို့သည် လွတ်ရာ လမ်းကို ရရှိလို၍ သမ္မာတရားကို ကြားနာ သော်လည်း မေ့ပျောက်၊ ဥပေက္ခာ ပြုရန် နှုတ်ယူခြင်း ကိုခံကြ ရလေ သည်။

( ၃ ) လှည့်ဖြားလိမ်ညာခြင်း။ စာတန်သည် ဧဝအား လိမ်ညာခြင်းဖြင့် အစပြုခဲ့သလို ( ၂ ကော ၁၁း၃၊ ၁ တိ ၂း၁၄) နောက်ဆုံးသောကာလတွင်လည်း လူမျိုး နွယ်တို့အား လှည့်ဖြား လိမ်ညာလေဦးမည်။ အမှန်တဝက် အမှား စွက်ထားသော အပြစ် တရားတို့ဖြင့် လူတို့အား လှည့်ဖြား လိမ်ညာ နိုင်စွမ်း ရှိလေသည် ( ဗျာဒိတ် ၂၀း၈-၁၀)။ ဧဝအား လှည့်ဖြားခဲ့စဉ်က လက် တလုံးခြားဖြင့် ပြု၍ လိမ်ညာခဲ့သည့် အတိုင်း ယနေ့ လည်း လူတို့အား အဆိပ် ကို သကာဖုံးကာ အပျော်အပါးများဖြင့် ပျက်စီးခြင်းသို့ လိမ်ညာ လှည့်ဖြား နေဆဲပင်ဖြစ်သည်။



( ၄ ) ဘုရားလူတို့အား တိုက်ခိုက်ခြင်း။ ၂ ကော ၁၂း၇ တွင် ရှင် ပေါလုက "ငါ့ကိုယ်၌ စူးသော ဆူး" ဟူ၍ စာတန် မာရ်နတ် ထံမှ လာသော နှောင့်ယှက်ခြင်းကို ပြောဆို ထားသည်။ သူသည် ဘုရား၏ လူတို့အား ဒုက္ခဆင်းရဲ မျိုးစုံဖြင့် စိတ်ဓါတ် ကျ၊ အားနည်းအောင် အခွင့် ကောင်းကို စောင့်စား ရှာဖွေနေ သော သူပင် ဖြစ်သည်။

( ၅ ) သွေးဆောင်ခြင်း။ ရှင်ပေါလုက သက်သာလောနိတ် ယုံကြည်သူ များအား ခရစ်ယာန် အသက်တာတွင် ကျဆင်းစေကာ လမ်းဟောင်းကို လျှောက်ရန် သွေးဆောင် ခြင်း ကို ခံရကြသူများဟူ၍ ၁ သက် ၃း၅ တွင် စိုးရိမ် တွေးပူမိသည်။ စာတန် မာရ်နတ် သည် ကျွန်ုပ်တို့အား အပြစ်၌ ကျဆင်းစေရန် အမြဲ ကြိုးစားနေပါသည်။ ခရစ်တော် ကိုပင် သွေးဆောင်ခဲ့သည် မဟုတ်ပါလား။ သို့သော် ကျွန်ုပ်တို့သည် ဘုရား ရှင်အား မျှော်ကြည့်ပါက ထွက်မြောက်ရာ လမ်းကို ပြင်ဆင်ပေးထားကြောင်း ၁ ကော ၁၀း၁၃ တွင် ဘုရားရှင်ထံမှ ထောက်မ ကူညီခြင်းကို မြင်တွေ့ရပေမည်။

( ၆ ) အံ့ဖွယ်အမှုများဖြင့် လှည့်စားခြင်း။ ယနေ့လူတို့က ထူးဆန်းသော အရာ တို့သည် ဘုရားထံမှဟု ထင်မှတ်မှားနေကြသည်။ ပုဂ္ဂိုလ်ထူးဆိုတိုင်း အမှန် ကြည်ညိုရမည့် သူကား မဟုတ်ပါလေ။ နတ်ဆိုးတို့သည်လည်း လုပ်ဆောင် နိုင်လေ၏။ စာတန် နတ်ဆိုး၏ တန်ခိုးအားဖြင့် အီဂျစ်ပြည်မှ မှော်ဆရာများက မောရှေလုပ်သော အံ့ဘွယ် အရာများကို ထပ်တူထပ်မျှ အချို့ကိုပြုကြလေသည့် အတိုင်း နောက်ဆုံးသော ဆုတ်ကပ် ကာလတွင် မိစ္ဆာဆရာတို့က နတ်ဆိုးတို့ကို နှင်ထုတ်ကြပေမည်။ ယေရှု ခရစ်တော် ဘုရားက ထိုသူတို့အား ငါ အလျှင်း မသိ ဟူ၍ ဆိုထားပါသည် (မဿဲ ၇း၂၁-၂၃)။ အန္တိခရစ်သည် စာတန်၏ အခွင့် တန်ခိုးအားဖြင့် လူများစွာအား နောက်ဆုံးသော နေ့တွင် လမ်းလွဲစေမည် ( ၂ သက် ၂း၈-၉၊ ဗျာ ၁၃း၁၃-၁၄)။ ယနေ့ယုံကြည်သူများ အနေဖြင့် နတ်ဆိုးတို့၏ လှည့်ကွက် အမှုကိစ္စများ အောက်တွင် ပုဂ္ဂိုလ်ထူးဆိုတိုင်း ကြည်ညို စရာ မဟုတ်ကြောင်း သတိပြုလျက် သမ္မာတရားလမ်းမှ သွေဖယ် ရောင်လွှဲခြင်း မဖြစ်ရန် သတိပြုသင့်ပေသည်။

( ၇ ) ဘုရားရှင်အား အစေခံရာ၌ ဟန့်တားခြင်း။ နှစ်ကြိမ်တိုင်တိုင် ရှင် ပေါလုက သက်သာလောနိတ် အသင်းတော်အား ကူညီရန် ကြိုးစား သော်လည်း စာတန် မာရ်နတ်သည် "ဆီးတား" ခဲ့သည် ( ၁ သက် ၂း၁၈)။ ဌီ အရာတို့တွင် ကျန်းမာရေး၊ ငွေကြေး၊ ရာသီဥတု တို့တခုခု ဖြစ်ကောင်း ဖြစ်ပေမည်။။ သို့သော် ရှင်ပေါလုက လုပ်ဆောင် သင့်သည်ဆိုသော အရာကို တားဆီး ခဲ့သည်။ စာတန်သည် ထိုကဲ့သို့ပင် သူ တတ်စွမ်းနိုင်သမျှ ဘုရား အမှု တို့တွင် ဆီးတားရန် ကြိုးစားအားထုတ်လေ၏။ အကယ်စင်စစ် စာတန်သည် ဩချ လောက်သော ရန်သူပင်ဖြစ်သည်။ ခြင်္သေ့ ကဲ့သို့ ဝါးမျိုရန် အမြဲ ချောင်းမြောင်း နေ၏ ( ၁ ပေ ၅း၈)။ ထို့ကြောင့် ဘုရားရှင် ပေးသနား တော်မူသော လက်နက်စုံကို ယူတင်ဝတ်ဆောင်ရန် အရေးကြီးလှပေ၏ ( ဖေက် ၆း၁၀-၁၈)။ သူ၏ ပရိယာယ်များကိုလည်း ဥပေက္ခာမပြုသင့်( ၂ ကော ၂း၁၁)။ ရှင်ယောဟန် ဆိုသည့်အတိုင်း ခရစ်တော်သည် ကျွန်ုပ်တို့ အထဲတွင်ရှိပါက " သင်တို့ ဘက်၌ ရှိသောသူသည် လောကဘက်၌ ရှိသောသူထက်သာ၍ ကြီး တော်မူ၏" ( ၁ ယော ၄း၄ )။ ။ ဆယ်မြူရယ် စိုးလွင်

---

## ခရစ်တော်၏ရုပ်ပုံလွှာ
# အကိုင်းအခက်

***ခရစ်တော်၏ရုပ်ပုံလွှာ-၁၉ (အကိုင်းအခက်)*** *ဘာသာပြန် - မင်းအောင်သက်လွင်*

(ယေရှဲ အမျိုး အငုတ်၌ အတက် ပေါက်လိမ့်မည်။ သူ၏ အမြစ်တို့တွင် အညွန့်သည် အသီး သီးလိမ့်မည်။ ဟေရှာယ ၁၁း၁) ယေရှဲသည် ဘုရင်မ ၂း၏ အဘ(ခမည်းတော်) ဖြစ်ပါသည်။ ဒါဝိဒ်၊ ရှောလမုန်၊ ဟေဇကိနှင့် ယောရှ တို့သည် ယေရှဲ၏ အမျိုးမှ ဆင်းသက် လာခြင်း ဖြစ်သည်။ သို့သော် ယခုအခါတွင် ယေရှဲ၏ ဘုရင် မျိုးဆက်သည် အဖျားကို ဖြတ်၍ တိုအောင် လုပ်ခြင်းခံရသော သစ်ပင်ကဲ့သို့ နှစ်ကာလရှည်စွာ မင်းမျိုး ပြတ်သွား ခဲ့ပါသည်။ သို့သော် ယခုအခါတွင် ပရောဖက် ယေရမိက သစ်ငုတ်တို နေရာတွင် ပင်စည်ရိုးမှ အရွက်ဖြာ အကိုင်း ထွက်ကာ အသီးသီးမည် ဖြစ်ကြောင်း ထို အရွက်သစ် အကိုင်းအခက် အသစ် သည် ယခင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၆ ဧပြီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချီရန် ဂန့်သာဓ ထုတ်ဝေသည်။

ရှိခဲ့ဖူးသော အတိုင်းထက် သာလွန် ကောင်းမွန် မည် ဖြစ်ကြောင်း ကြိုတင် ပရောဖက် ပြုခဲ့ပါ သည်။

ဘုရားသခင်၏ လျှို့ဝှက်သော စက်ပုန်း ခုတ်သည့် အကြံအစဉ် တစ်ခုအား ရှင်မဿဲနှင့် ရှင်လုကာ တို့အား ဖွင့်ပြခဲ့ပါသည်။ ထို အကြံအစည်မှာ ယေရှဲ အမျိုးတွင် အမြစ်ပေါက် အကိုင်းသစ် ထွက်ကာ အသီးသီးမည့် အကြောင်းပင် ဖြစ်ပါသည်။ ထို ကျမ်းချက်သည် ယေရှု ခရစ်တော်မှ ယေရှဲ အမျိုးတွင် ဆက်နွယ်ကြောင်း သမိုင်း တစ်ခေတ် ထူပြုခြင်း ဖြစ်ပါသည်။ ထို သမိုင်းကြောင်းသည် ဘုရားသခင်၏ အာဏာ ကုန် ရှိသော ဘာသာရပ်ကို ဖော်ပြပါသည်။ ယေရှု ခရစ်တော်မွေးဖွား လူ့ဇာတိ ခံယူ ခြင်း အကြောင်း ရေးသားဖော်ပြချက်သည် စည်းစံနစ်ကျသော ဇာတ်လမ်း ဇာတ်ကွက် များအဖြစ် တည်ရှိနေပါသည်။ ယေရှု ခရစ်တော်၏ ဗက်လင် မြို့တွင် မွေးဖွား လာရ ခြင်းသည် တိုက်ဆိုင်မှုတစ်ခု မဟုတ်ပါ။ ယေရှု ဗက်လင်မြို့တွင် မွေးဖွား လာမည့် အကြောင်း လွန်ခဲ့သော နှစ်ပေါင်း များစွာ ကတည်းက ရာစုပေါင်း များစွာကပင် ပရောဖက် မိက္ခာအားဖြင့် ကြိုတင် ဟော ထားပြီးသားဖြစ်ပါသည်။ သို့သော် မယ်တော် မာရိနှင့် ယောသပ်တို့သည် နာဇရက် မြို့တွင် နေထိုင်သူများ ဖြစ်ကြ ပါသည်။ ထိုအခါက သြဇာအာဏာရှိနေသော ကဲသာဘုရင် ဩဂုတ္တုသည် သန်းခေါင်စာရင်း ယူစေခြင်းဌာ အမိန့်တော် ရှိသောကြောင့် ယောသပ်နှင့် ထိမ်းမြား ဆောင်နှင်း သော မာရိတို့သည် စာရင်း ဝင်စေခြင်းငှာ ဂါလိလဲပြည် နာဇရက်မြို့မှ ယုဒပြည် ဗက်လင် မြို့သို့ ခရီးထွက် လာခဲ့ ကြ ရပါသည်။ ထို အချိန်တွင် မာရိသည် မွေးဖွား အံ့သော အချိန်အခါ ရောက်၍ ကိုယ်ဝန် အရင့်အမာ ရှိနေပေသည်။ လုကာ ၂း၁-၇။



သူတို့ ခရီးသွားသော မြို့၏ အမည်ကား အဘယ်နည်း။ ထိုမြို့၏ အမည်ကို ဓမ္မဟောင်းကျမ်းရှိ မိက္ခာ အနာဂတ္တိကျမ်းတွင် တွေ့နိုင်ပါသည်။ ဇဝံဂေလိ တရားသည် ကမ္ဘာအနှံ့ကို အလွယ်တကူ ကူးစက်ပြန့်ပွား ရောက်ရှိ နိုင်ပါသည်။ လွန်ခဲ့သော နှစ်များက သွားလာရန် ခက်ခဲသော ကမ္ဘာကြီးသည် ကျနော်တို့ ခေတ်တွင် ရွာတစ်ရွာ သာသာ သာရှိနေပါတော့သည်။ ကမ္ဘာအနှံ့တွင် ဘာသာ စကားများ။ နယ်နိမိတ်များ ဥပဒေများကို သတ်မှတ်ကြေငြာ ဘောင်ခတ် ထားကြ ပါသည်။ အလက်ဇန္ဒားသဂရိတ် လက်ထက်တွင် ကမ္ဘာကြီးတစ်ခုလုံးအား ဂရိ ဘာသာ စကားဖြင့်သာ ပြောဆိုရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ထိုအရာ သည် ဇဝံဂေလိ တရား ဒေသနာတော်ကို ဝါဒဖြန့်ဖြူးရန် လွယ်ကူစေခဲ့ပါသည်။ ပါလက် စတိုင်း ဒေသ၏ ဘောင်ခတ်သတ်မှတ်ထားသော နယ်နိမိတ် အတွင်းသို့ သတင်း စကားများ ဖြန့်ဖြူး ပေးရန် လမ်းကြောင်းများ လိုအပ်ပါသည်။ ဆီဇာဘုရင် လက်ထက်တွင် ကြီးမား သော ဆက်သွယ်ရေးလမ်းကြောင်းနှင့် ရေမြေ အင်ပါယာ ကို တွေ့မြင် နိုင်ပါ သည်။

ယေရှုခရစ်တော် မွေးဖွား လူ့ဇာတိ ခံယူခြင်းသည် ခေတ်သမိုင်း ကြောင်း၏ မတော်တဆ ဖြစ်ပေါ်လာခြင်းသမိုင်းသစ် မဟုတ်ခဲ့ပါ။ ဤ မွေးဖွား ခြင်းသည် လူ့ဘဝ သမိုင်းကြောင်း၏ ဇာတ်ခုံ ပေါ်တွင် လှပသော အော်ခစ်စရာ တီးဝိုင်း ကဲ့သို့ တီးလုံးတီးကွက် များကို ဖော်ထုတ် ပေးခဲ့သော တေးဂီတ အကွက် များသာ ဖြစ်ပါသည်။ ယေရှုခရစ်တော် မွေးဖွား လာခြင်း သည် ယေရှဲ အမျိုး၏ ငုတ်တို ပြန်လည် အသက် ဝင်လာရန် မတော်တဆ တိုက်ဆိုင်မှု မဟုတ်ခဲ့ပါ။ သမိုင်း ကြောင်းသည် အာဏာ ကုန် လွှဲအပ်ခြင်း ခံရသော ဘုရား သခင်၏ အစီအမံ များသာ ဖြစ်ပါသည်။ ကြီးနိုင် ငယ်ညှင်းတတ်သော လူ့ လောကထဲသို့ ဘုရား သခင်က ကြားဝင် စွက်ဖက် ဝင်ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။



ကြီးမားသော သဘာဝ အပြောင်းအလဲ ဖြစ်နေသည့် လောကကြီး ထဲသို့ ဘုရားသခင်က ဝင်ရောက် အုပ်စိုးနေရာယူခြင်း ဖြစ်ပါသည်။ ယနေ့ ခေတ် ကာလ ကြီးသည် မည်သို့ပင် ပြောင်းလဲ တိုးတက်နေပါစေ၊ ဘုရား သခင် သည် ရာဇ ပလ္လင် ပေါ်တွင် စိုးစံမြဲ စိုးစံနေဆဲ ဖြစ်ပါသည်။ ဤ အဖြစ် အပျက်ကို ယေရှု ခရစ်တော်၏ ဘုရင်မျိုး မပြတ်ခြင်း အကြောင်းအရာကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ ယေရှု ခရစ် သည် လောကဘုရင်များ အားလုံး၏ အာဏာ အထက်တွင် နေရာ ယူထား ကြောင်း ကျနော်တို့အား သတိရစေပါသည်။ ဒါဝိဒ်မင်း၏ မျိုးဆက်များ ဖြစ်သော အခြားသော ဘုရင်များသည် သဲထဲ မြေကြီးထဲ ဂူ သင်္ချိုင်းများထဲတွင် နစ်မြုပ် ပျောက်ကွယ်သွားပြီး ဖြစ်ပါသည်။ သူတို့ အင်ပါယာများလဲ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ် သွားကြပြီ ဖြစ်သလို သူတို့၏ အာဏာများ သရဖူများလဲ အချိန် တိုတို အတွင်း တမဟုတ်ချင်း (သို့) တဖြည်းဖြည်းချင်း ပျောက်ကွယ် သွားပြီဖြစ်ပါသည်။ ယေရှု ခရစ်တော်၏ ခမ်းနား ထယ်ဝါခြင်းက လူသားတို့ စွမ်းရည်ဖြင့် မတတ်စွမ်း နိုင်သော စွမ်းရည်ကို ဖော်ပြ ကာ ယေရှု၏ ရှင်ဘုရင် ဖြစ်ခြင်းကို ထောက်ကူ ပေးနေပါသည်။ ယေရှု ခရစ်တော်တွင် ချဉ်းကပ်၍ မရနိုင်သော ဂုဏ်အသရေ၊ နှိုင်းယှဉ်၍ မရနိုင်သော ကန့်သတ် ချက်နှင့် တိုင်းတာ၍ မရသော ကရုဏာ တရားကို တွေ့မြင် နိုင်ပါသည်။

ဤ ခရစ်တော် တည်းဟူသော အကိုင်း အခက် သည်သာလျှင် ယေရှဲအမြစ် အငုတ်မှ အတက်ပေါက် အကိုင်း အခက် ဖြာကာ ကောင်းကြီးပေး အသီး သီးနိုင်ပြီး လောက နိုင်ငံ အရပ်ရပ်မှ ဘုရင်များအပေါ် လွှမ်းမိုးနိုင်မည်သာ ဖြစ်ပါသည်။ ဟေရှာယ ၏ ပရောဖက်ပြုချက်မှာ ဟေရှာယ ၁၁း၁၀ - ထိုကာလ၌ ယေရှဲ၏ အမြစ် သည် ပေါက်၍ လူများအဖို့ ထူသော အလံ ဖြစ်လိမ့်မည်။ ထို အလံ၌ တပါး အမျိုးသား တို့သည် ဆည်းကပ် ကြလိမ့်မည်။

ပရောဖက်က တဖန်ပြောထားသည်မှာ ယေရှုခရစ်တော်၏ ကြွလာခြင်း သည် ကယ်တင်ရာ နေ့ရက် ဖြစ်ပါသည်။ ဟေရှာယ ၁၂း၁-၃ - ဘုရား သခင် သည် ငါ့ကို ကယ်တင်သော အရှင် ဖြစ်တော်မူ၏။ ကြောက်လန့်သော စိတ်မရှိဘဲ ရဲရင့်မည်။ ထာဝရဘုရားသည် ငါ ချီးမွမ်းရာ၊ ငါသီချင်းဆိုရာ၊ ငါ့ကို ကယ်တင်သော အရှင် ဖြစ်တော်မူ၏။ ထို သီဆိုချီးမွမ်းခြင်းသည် ကျနော်တို့ အတွက် လဲ ဖြစ်နိုင် ပါသည်။

ယေရှုခရစ်တော်ဘုရား ကိုယ်တော်သည် ရာဇဝင်သမိုင်း၏ ဗဟို အချက် အချာ အရှင်သခင် ဖြစ်ပါသည်။ ကျနော်၏ အသက်တာ။ အတွေးအခေါ် အကြံ အစည် နှင့် အနာဂါတ်ကို ကိုယ်တော်သာ စိုးစံ အုပ်စိုးတော်မူပါ။ ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ ။ **မင်းအောင်သက်လွင်**

(ဝန်ခံချက် - ဟန်နရီ ဂရာဗီ ရေးသားသော Branch အား ဆီလျော်အောင် မြန်မာ ဘာသာ ပြန်ဆို ပါသည်။)

---

**ကာတွန်း - မင်းအောင်သက်လွင်**






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။